# ၂၀၂၃ ခုနှစ်၊ ဇူလိုင် (၁)ရက်မှ (၇)ရက်အတွင်း လူ့အခွင့်အရေး ချိုးဖောက်မှု ကြုံတွေ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ



| စဉ် | ပြည်နယ်နှင့် တိုင်းဒေသကြီး | ကျူးလွန်သည့် အကြိမ်ရေ | မှတ်ချက် |
|---|---|---|---|
| ၁ | စစ်ကိုင်း | ၁၈ | |
| ၂ | ကယား | ၁ | |
| ၃ | ရန်ကုန် | ၂ | |
| ၄ | ကရင် | ၁ | |
| ၅ | တနင်္သာရီ | ၄ | |
| ၆ | မန္တလေး | ၄ | |
| ၇ | ရှမ်း | ၁ | |
| ၈ | ပဲခူး | ၆ | |
| ၉ | မွန် | ၄ | |
| ၁၀ | ကချင် | ၁ | |
| ၁၁ | ဧရာဝတီ | ၁ | |
| | စုစုပေါင်း | ၄၃ | |

ဇူလိုင်(၁)ရက်နေ့မှ (၇)ရက်နေ့အတွင်း စစ်အာဏာရှင်တပ်သားများက စစ်ကိုင်းတိုင်းဒေသကြီးမှ ပြည်သူ (၁၀၀)ကျော်ကို လူသားဒိုင်းအဖြစ် ဖမ်းဆီးခဲ့သည်။ စစ်အာဏာရှင်တပ်သားများ၏ ဖမ်းဆီးသတ်ဖြတ် မှုကြောင့် တပတ်အတွင်း ပြည်သူ (၈)ဦး သေဆုံးခဲ့ရပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်မှ ပြည်သူ (၁)ဦးမှာ မီးရှို့ သတ်ဖြတ်ခံခဲ့ရသည်။ ဇူလိုင်လ (၆)ရက်နေ့တွင် စစ်အာဏာရှင်တပ်သားများ၏ ဖမ်းဆီးပြီး အစုလိုက်အပြုံလိုက် ပစ်သတ်မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဒေသခံပြည်သူ(၇)ဦးကို သေဆုံးခဲ့ပြီး ပြည်သူ (၆)ဦးကလည်း ထိခိုက်ဒဏ်ရာရ ရှိခဲ့သည်။ စစ်အာဏာရှင်တပ်သားများ၏ လက်နက်ကြီး လက်နက်ငယ်တို့နှင့် ပစ်ခတ်မှုကြောင့် ကလေးငယ် (၁)ဦး သေဆုံးခဲ့ပြီး (၂)ဦး ဒဏ်ရာရ ရှိခဲ့သည်။

Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

Share

Made with infogram

# ၂၀၂၃ ခုနှစ် ဇူလိုင် (၁) ရက်မှ (၇) ရက်အတွင်း စစ်အာဏာရှင်တပ်များမှ လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများ




| စဉ် | လူ့အခွင့်အရေး ချိုးဖောက်ခဲ့သည့် နည်းလမ်းများ | အကြိမ်ရေ | မှတ်ချက် |
|---|---|---|---|
| ၁ | လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်သတ်ခြင်း | ၅ | |
| ၂ | လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကြောင့် ဒဏ်ရာရခြင်း | ၁၀ | |
| ၃ | လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း | ၁၁ | |
| ၄ | ဖမ်းဆီးခေါ်ဆောင်သွားခံရပြီးနောက် သေဆုံးခြင်း | ၆ | |
| ၅ | ဗုံးကြဲတိုက်ခိုက်ခြင်း | ၂ | |
| ၆ | ဖမ်းဆီးခံရခြင်း | ၈ | |
| ၇ | လူသားဒိုင်း ပြုလုပ်ခြင်း/ဓားစာခံအဖြစ် ဖမ်းဆီးခြင်း | ၃ | |
| ၈ | ငွေကြေးတောင်းခံခြင်း | ၂ | |
| ၉ | ပြည်သူပိုင်ပစ္စည်းများသိမ်းယူခြင်း/ခိုးယူခြင်း | ၃ | |
| ၁၀ | ပြည်သူပိုင်အဆောက်အဦး/ပစ္စည်းများမီးရှို့ပျက်/ဖျက်ဆီးခြင်း | ၅ | |
| ၁၁ | ပြည်သူပိုင် အဆောက်အဦး/ပစ္စည်းများ ပျက်/ဖျက်ဆီးခြင်း | ၇ | |
| ၁၂ | လေကြောင်းအသုံးပြုခြင်း | ၂ | |
| ၁၃ | အာဏာပြ ခြိမ်းခြောက်ခြင်း/ အမိန့်ထုတ်ပြန်ကြော်ငြာခြင်း | ၁ | |
| ၁၄ | နေရပ်ဒေသ စွန့်ခွာရခြင်း | ၅ | |
| ၁၅ | အဓမ္မ ခိုင်းစေခြင်း | ၁ | |
| ၁၆ | အသက်မပြည့်သော ကလေးများ ထိခိုက်ခြင်း | ၂ | |
| ၁၇ | ပြည်သူများကို မီးရှို့သတ်ခြင်း | ၁ | |
| ၁၈ | မြေမြှုပ်မိုင်း | ၁ | |
| ၁၉ | အသက်မပြည့်သော ကလေးများသေဆုံးခြင်း | ၁ | |

စစ်အာဏာရှင်တပ်သားများက တပတ်အတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးမှ ပြည်သူပေါင်း (၃၀)ကျော်ကို ဖမ်းဆီးခဲ့သည်။ ရန်ကုန်နှင့် မန္တလေးမှ လူငယ်များက **Facebook** တွင် အလုပ်ရမည်ဟု ကြော်ငြာထားသဖြင့်သွားရောက် လျှောက်ထားရာ စစ်အာဏာရှင်တပ်ထဲသို့ အတင်းအဓမ္မ ထည့်သွင်းခြင်းများ ပြုလုပ်ခဲ့ကြသည်။

**Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်**


Share

Made with infogram